မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
January 8, 2025 Volume 86 , Number 5

| | |
|---|---|
| ၈.၁.၂၀၂၅ | |
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၆၉.၆၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၆.၈၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၅.၆၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၈.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၀၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ယာကွန်ဥတွေ ဝယ်ယူစားသုံးသူများပြားတာကြောင့် ဈေးကောင်းရနေ




ရာသီပေါ်သီးနှံတစ်မျိုးဖြစ်တဲ့ ယာကွန်ဥ (ဒေသအခေါ် ရေကန်စွန်းဥ) တွေဟာ ဝယ်ယူစားသုံးသူများပြားနေတာကြောင့် ဈေးကောင်းရနေတယ်လို မန္တလေးဒေသခံဈေးသည်တွေကပြောပါတယ်။

ယာကွန်ဥစားသုံးမှုကို TikTok နဲ့ Facebook လူမှုကွန်ရက်စာမျက်နှာတွေမှာ၂၀၂၄ ခုနှစ်နှောင်းပိုင်းကာလတွေကစပြီးခေတ်စားလာမှုကြောင့် အခုလိုစားသုံးသူများပြားလာတာ ဖြစ်ပါတယ်။

ဈေးကြီးလည်းခေတ်စားနေတာဆိုတော့ ဝယ်စားတဲ့သူများတယ်။ဈေးကြီးတယ်ဆိုတာကလည်း သယ်ယူစရိတ်ကများတယ်လေ။အရင်ကဆိုဝယ်မဲ့သူတောင်မရှိဘူး။ တချို့ဆိုသိတောင်မသိကြဘူးလို့ အောင်မြေသာစံမြို့နယ်ကဈေးသည်တစ်ဦးကပြောပါတယ်။

ယာကွန်ဥ(ရေကန်စွန်းဥ၊ ရာပြည့်ဥ)ကို မိုးကုတ်ဒေသမှာအဓိကထွက်ရှိပြီး ခန္ဓာကိုယ်အလေးချိန်ကို လျှော့ချပေးနိုင်မှု၊ အသည်းအဆီဖုံးရောဂါကိုကာကွယ်ပေးနိုင်မှု၊ ဆီးချိုရောဂါကိုထိန်းညှိပေးနိုင်မှုနဲ့ ကိုယ်ခံအားကောင်းစေမှုစတဲ့အားသာချက် တွေရှိတာကြောင့် အခုလိုစားသုံးသူများပြားလာတာဖြစ်တယ်လို့မန္တလေးဒေသခံတွေကဆိုပါတယ်။

ယာကွန်ဥဟာ စိမ်းစားသီးနှံအမျိုးအစားဖြစ်ပြီး လက်ရှိအချိန်မှာ တစ်ပိဿာကို ငွေကျပ် ၈၀၀၀ ကနေ ၁၀,၀၀၀ ကြားအထိရှိနေတယ်လို့ သိရပါတယ်။

**Source :** https://htwettoe.com/

## ငါးမွေးမြူရေးကန်များဖော်ချိန်ဖြစ်သောကြောင့် လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသို့ ရေချိုငါးများ အများဆုံးဝင်ရောက်နေပြီး အရောင်းအဝယ်ကောင်းလျက်ရှိ



ငါးမွေးမြူရေးကန်များဖော်ချိန်ဖြစ်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးသို့ ယခုလဆန်းပိုင်းမှစ၍ ရေချိုငါးအများဆုံးဝင်ရောက်နေပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ရွှေပိတောက်ငါးဈေးရှိဈေးတာဝန်ခံရုံးက သိရသည်။

ပြည်တွင်း၌ နှစ်စဉ်ဇန်နဝါရီလမှဧပြီလအထိ ငါးမွေးမြူရေးကန်များဖော်ချိန်ဖြစ်ပြီး လက်ရှိ ရန်ကုန်တိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့ရှိ မွေးမြူရေးကန်များမှထွက်ရှိသော မွေးမြူရေးရေချိုထွက်ကုန်အများအပြား ရွှေပိတောက်ငါးဈေးသို့ ဝင်ရောက်နေခြင်းဖြစ်သည်။

ထိုသို့ ရေချိုထွက်ကုန်များဝင်ရောက်နေသည့်အပြင် မြန်မာ့ပင်လယ်ပြင်မှဖမ်းယူရရှိသောရေငန်ထွက်ကုန်များလည်း ပုံမှန်ဝင်ရောက်လျက်ရှိသောကြောင့် သင့်လျော်သောဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ စားသုံးသူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း၊တချို့သောရေချို ရေငန်ထွက်ကုန်များကို အအေးခန်းစက်ရုံများသို့ တိုက်ရိုက်တင်ပို့နေရကြောင်း သိရသည်။

"လက်ရှိမှာ ရွှေပိတောက်ငါးဈေးကို ရေချိုထွက်ကုန်တွေဖြစ်တဲ့ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးမုတ်၊ တီလားပီးယားအပါအဝင် မွေးမြူရေးနဲ့သဘာဝရေချိုထွက်ကုန်အမျိုးအစားပေါင်း ၃၀ ကျော်လောက် ဝင်ရောက်နေပါတယ်။ဒါ့ပြင် ပြည်ကြီးငါး၊ ပုစွန်၊ကင်းမွန်အပါအဝင် ရေငန်ထွက်ကုန်အမျိုးအစားတွေလည်း ဝင်ရောက်မှုရှိပါတယ်"ဟု ဈေးတာဝန်ခံရုံးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ ရွှေပိတောက်ငါးဈေးသို့ တစ်ရက်လျှင် ရေထွက်ကုန်ပိဿာ သုံးသိန်းခန့်ဝင်ရောက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများအတွက် လုံလောက်မှုရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့်နီးစပ်ရာဒေသများသို့လည်း တင်ပို့ရောင်းချနေရကြောင်း၊လက်ရှိ ရွှေပိတောက်ငါးဈေးတွင် ဈေးရုံပေါင်းရှစ်ရုံရှိပြီး မှတ်ပုံတင်ဆိုင်ခန်းပေါင်း ၄၅၀ နီးပါးနှင့် ပျံကျဆိုင်ခန်းပေါင်း ၁၉၀ ခန့်ဖွင့်လှစ်ထားကာ အထူးသဖြင့် ရေထွက်ကုန်ပစ္စည်းများကို လက်ကားဝယ်ယူလိုသူများ အားထားနေရသော ဈေးကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်သွက်နေ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် ဒေသထွက်ကုန်ငါးမြွေထိုးခြောက်များကို ဝယ်လိုအားများပြီး အရောင်းအဝယ်သွက်နေကြောင်း ကျိုက်လတ်မြို့နယ်၌ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောပြသည်။

ကျိုက်လတ်မြို့နယ်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်မှစ၍ လက်ရှိအချိန်ထိ ဒေသထွက်ကုန် ငါးမြွေထိုးခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်သည်။

အဆိုပါဒေသမှထွက်ရှိသည့် ငါးမြွေထိုးခြောက်များကို ဒေသတွင်းဈေးကွက်အပြင် ပုသိမ်၊ ရန်ကုန်စသည့်မြို့များက မှာယူမှုများပြားနေခြင်းဖြစ်ကြောင်းသိရသည်။

"လက်ရှိတော့ ကျိုက်လတ်မြို့နယ်ကထွက်တဲ့ ငါးမြွေထိုးခြောက်တွေ ပုံမှန်ထက်အရောင်းသွက်နေပါတယ်။ ဒေသတွင်းဈေးကွက်အပြင် ပုသိမ်ဈေးကွက်နဲ့ရန်ကုန်ဈေးကွက်ကနေ ငါးမြွေထိုးခြောက်တွေ မှာယူအားများနေတယ်။ ငါးခြောက်လုပ်ငန်းက ဒေသခံတွေရဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးခြောက်တွေ အရောင်းအဝယ်များလာတာကြောင့် ငါးခြောက်လုပ်ငန်းနဲ့ဆက်စပ်တဲ့ နယ်ပယ်အသီးသီးကသူတွေလည်း အဆင်ပြေလာပါတယ်"ဟု ၎င်းကပြောသည်။

ကျိုက်လတ်မြို့နယ်၌ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည်ဒေသထွက်ငါးမြွေထိုးများကို ဝယ်ယူပြီး အချို့အငန်စပ်ကာ အခြောက်လှန်း၍ စားသုံးရန်အဆင့်အထိ စနစ်တကျပြုလုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ချင်းတက်အစို ဈေးနိမ့်နေသော်လည်း ချင်းခြောက်ဈေးနှုန်းကောင်းရရှိနေ



ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော၊ ပင်းတယ၊ ရွာငံ၊ ပင်လောင်း ဒေသစုံမှ စိုက်ပျိုးထုတ်လုပ်သော ချင်းသီးနှံမှာ ယခင်နှစ်ကာလတူနှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက အနည်းငယ်လျော့နည်းနေပြီး ချင်းဥမ တစ်ပိဿာလျှင် ၂၀၀၀-၂၅၀၀ကျပ် ပေါက်ဈေးရှိကြောင်း သိရသည်။

ချင်းအခက်ကြီးဈေးနှုန်းမှာ တစ်ပိဿာလျှင် ၃၀၀၀ - ၃၂၀၀ ကျပ်ဖြင့် လက်ရှိဈေးပေါက်နေသော်လည်း အရောင်းအဝယ်အေးလျက်ရှိပြီး ပြည်တွင်းသုံးအနေဖြင့်သာ ဝယ်ယူလျက်ရှိပါသည်။

ချင်းခြောက်ဈေးမှာ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းကောင်းလျက်ရှိပြီး Slice ( ခဲးလှီးခြောက် ) တစ်ပိဿာလျှင် ၁၅,၀၀၀-၁၆,၀၀၀ကျပ်ရှိပြီး ရိုးရိုးချင်းခြောက် တစ်ပိဿာလျှင် ၉၀၀၀-၉၅၀၀ကျပ် ဈေးပေါက်နေကြောင်း သိရသည်။

ပြည်ပသို့ပင်လယ်ရေကြောင်းမှ တင်ပို့မှုရှိသော်လည်း ပြည်ပဝယ်လိုအားမြင့်တက်လာမှသာ လက်ရှိပေါက်ဈေးထက်မြင့်တက်လာနိုင်မှာဖြစ်ကြောင်း သိရသည်။

**Source : DOCA ရှမ်း**

https://myantrade.gov.mm/

## ၂၀၂၅ ဇန်နဝါရီ ပထမရက်သတ္တပတ် ဈေးကွက်သုံးသပ်ချက်

နိုင်ငံတကာဈေးကွက်မှာ ဝယ်လိုအားကျသလိုပြည်တွင်းငွေလဲနှုန်းကလည်းကျပ်ငွေတန်ဖိုးမာနေပြီး နိုင်ငံခြားငွေများအကျဘက်တွင်ရှိနေသဖြင့် မြန်မာ့လယ်ယာထွက်ကုန်များ၏ဈေးနှုန်းက ဆက်လက်ကျဆင်းနေပါတယ်။

နှစ်သစ်ကူးပိတ်ရက်များအပြီး ပြည်တွင်းဈေးကွက်ပြန်ဖွင့်ချိန်တွင် တောင်သူများအဓိကစိုက်ပျိုးထုတ်လုပ်တဲ့ ပဲမျိုးစုံ၊ ပြောင်းဈေးနှုန်းတွေက အကျဘက်မှာသာ ဆက်လက်ရှိနေပါတယ်။ ၂၀၂၅ နှစ်ဆန်းမှာလည်း ပြည်တွင်းငွေကြေးဈေးကွက်နိုင်ငံခြားငွေလဲနှုန်း အကျပိုင်းတွင်သာ ဆက်ရှိနေပြီး အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကျဆင်းမှု၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ တုံ့ဆိုင်းနေမှုက လယ်ယာထွက်ကုန်စည်များ၏ ဈေးနှုန်းကို အကျဘက်ကို ဆက်လက်ရှိစေပါတယ်။

အိန္ဒိယနိုင်ငံမှ ဝယ်လိုအားထိန်းနေခြင်းကြောင့် ပြည်တွင်းဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံဈေးနှုန်းက ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှ စတင်ကာ နိုင်ငံတကာကို ရောင်းချသော FOB ဈေးနှုန်း အပြောင်းအလဲမရှိပါဘူး။

၂၀၂၅ ပထမရက်သတ္တပတ်ရဲ့ နောက်ဆုံးနေ့မှာ ပြည်တွင်းမတ်ပဲဈေးနှုန်းက FAQ တစ်တန်ကို သုံးဆယ့်တစ်သိန်းကိုးသောင်းခုနစ်ထောင်ကျပ်ဈေးဖွင့်ပါတယ်။ ၂၀၂၄ ဒီဇင်ဘာ နောက်ဆုံးရက်မှာတော့မတ်ပဲတစ်တန်သုံးဆယ့်သုံးသိန်းနှစ်သောင်းကျပ်ဈေးဖွင့်ခဲ့ခြင်းကြောင့် မတ်ပဲတစ်တန်ကို ကျပ်တစ်သိန်းနှစ်သောင်းကျော် ဈေးကျဆင်းလာပါတယ်။

၂၀၂၅ ပထမရက်သတ္တပတ်ဟာ နှစ်သစ်ကူးရုံးပိတ်ရက်တွေကြောင့် ပြည်ပဝယ်အားနည်းနေပေမဲ့ အိန္ဒိယနိုင်ငံရဲ့လာမဲ့ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်မှာ မတ်ပဲဝယ်လိုအားကမြင့်တက်လာနိုင်တယ်လို့ ကုန်သည်အချို့က ခန့်မှန်းနေကြပါတယ်။

၂၀၂၄ ဒီဇင်ဘာနောက်ဆုံးရက်သတ္တပတ်မှာ တစ်တန်ကို သုံးဆယ့်သုံးသိန်းခုနစ်သောင်းငါးထောင်ကျပ်ဈေးဖွင့်ခဲ့တဲ့ ပဲစင်းငုံက ၂၀၂၅ ပထမရက်သတ္တပတ်မှာတော့ သုံးဆယ့်တစ်သိန်းတစ်သောင်းငါးထောင်ကျပ်ကို ဈေးကျဆင်းလာပါတယ်။

ပဲစင်းငုံက တစ်ပတ်ကျော်အချိန်အတွင်း တစ်တန်ကိုကျပ်နှစ်သိန်းခြောက်သောင်းခန့်ဈေးကျဆင်းသွားပါတယ်။

အိန္ဒိယနိုင်ငံကို အဓိကထားရောင်းချနေရတဲ့ ပဲနှစ်မျိုးစလုံးဈေးနှုန်းများကျဆင်းနေပေမဲ့ တရုတ်အပါအဝင် ဈေးကွက်ကျယ်ပြန့်တဲ့ ပဲတီစိမ်းက နှစ်ကူးကာလမှာ ဈေးနှုန်းအနည်းငယ်အပြောင်းအလဲရှိပါတယ်။ ပဲတီစိမ်းခရမ်းရွှေဝါက ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ တစ်ပိဿာ ၅၅၀၀ ကျပ်မှ ဇန်နဝါရီ ၃ ရက်မှာတော့ ၅၅၈၀ ကျပ်ထိ မြင့်တက်လာပ ါတယ်။ အခြားပဲတီစိမ်းအမျိုးအစားတွေ

ကတော့ ဈေးနှုန်းတည်ငြိမ်နေပါတယ်။

ပြည်ပပို့ကုန်တစ်မျိုးဖြစ်တဲ့ ပြောင်းဆန်ဈေးနှုန်းက ရန်ကုန်ဈေးကွက်မှာ တစ်ပိဿာ ၁၆၆၀ မှ ၁၆၈၀ ကျပ်နဲ့ ဈေးနှုန်းငြိမ်နေပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံအလယ်ပိုင်းအဓိကဈေးကွက်ကြီးတစ်ခုဖြစ်တဲ့ မန္တလေးဈေးကွက်မှာတော့ ရက်သတ္တပတ်ကျော်အတွင်း ဗမာပြောင်းက တစ်တန် ကျပ် ၂၂,၆၀၀ ကျော်၊ ရှမ်းပြောင်းတစ်တန် ၁၁,၀၀၀ ကျော် ဈေးကျဆင်းသွားပါတယ်။

ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာ နောက်ဆုံးရက်သတ္တပတ်မှာတော့ ဗမာပြောင်းတစ်တန်ကျပ် ကိုးသိန်းငါးသောင်းကျော် အမြင့်ဆုံးဈေးဖွင့်ခဲ့ပေမဲ့ ဇန်နဝါရီ ၃ ရက်မှာတော့ ကျပ်ကိုးသိန်းသုံးသောင်း ဝန်းကျင်ကျဆင်းလာပါတယ်။ ရှမ်းပြောင်းကလည်းအမြင့်ဆုံးတစ်တန် ကျပ်ကိုးသိန်းခုနစ်သောင်းငါးထောင်ကျော်မှ ကျပ်ကိုးသိန်းခြောက်သောင်းလေးထောင်ဝန်းကျင်ကိုကျဆင်းလာပါတယ်။

နိုင်ငံတကာဈေးကွက်ကို တင်ပို့နေတဲ့အဓိကလယ်ယာထွက်ကုန်အများစုဈေးကျဆင်းမှုကို ကြုံနေရပေမဲ့လည်းပြည်တွင်းအဓိကစားသုံးသည့် ပဲကြီးဈေးနှုန်းကတည်ငြိမ်နေပါတယ်။ရန်ကုန်ဈေးကွက်မှာ ပဲကြီးတစ်ပိဿာ ၄၃၄၅ ကျပ်မှ ၅၁၃၅ ကျပ်အကြားဈေးဖွင့်ပါတယ်။

အဓိကလယ်ယာထွက်ကုန်အများစု ဈေးနှုန်းကျဆင်းမှုကြုံတွေ့နေရသော်လည်း နှစ်သစ်ကူးပွဲတော်အမီ တရုတ်နိုင်ငံမှကုန်သည်များ၏ဝယ်လိုအားကြောင့် နှမ်းနက်(စမုန်)က ပြည်တွင်းဈေးကွက်မှာ ဈေးနှုန်းမြင့်တက်လာပါတယ်။

ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်း ပြည်တွင်းဈေးကွက်မှာ ၄၅ ပိဿာဝင် တစ်အိတ်ကို အမြင့်ဆုံး ခြောက်သိန်းရှစ်သောင်းကျော်ဈေးဖွင့်ခဲ့သော နှမ်းနက်(စမုန် )က ဇန်နဝါရီ ၃ မှာ ကျပ်ခြောက်သိန်းကိုးသောင်းအထိဈေးတက်လာပါတယ်။ နှမ်းဖြူ(ဂျပန်)က လေးသိန်းတစ်သောင်းငါးထောင်ကျပ်မှ လေးသိန်းတစ်ထောင်ကျပ်သို့ ဈေးကျဆင်းပါတယ်။

**Source : (AMIA)**

**Myanma Awba**

## ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၈၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်းကင်းမွန်ပိဿာချိန်၈၇,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကင်းမွန်ပိဿာချိန် ၅၂,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ကင်းမွန်ပိဿာချိန် ၈၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်တစ်ပိဿာလျှင် ငွေကျပ် ၂၁,၀၀၀ မှ ၂၇,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

“လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေပုံမှန်တင်ပို့ရောင်းချနေပါတယ်။ လက်ရှိကင်းမွန်တွေ အဝယ်များနေလို့ အရင်ကထက် ပိုမိုတင်ပို့နေရပါတယ်။ နိုဝင်ဘာလကထက် ဒီဇင်ဘာလအတွင်းမှာ ကင်းမွန်ပိဿာချိန် ၃၅,၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ပါတယ်။ ကုန်များများတင်ပို့ရောင်းချခဲ့ရတော့ ငါးလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေအလုပ်အကိုင် အခွင့်အလမ်းကောင်းနေတာတွေ့ရပါတယ်” ဟု ၎င်းကပြောပြသည်။

အဆိုပါ ကင်းမွန်များကို စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကင်းမွန်များကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## တရုတ်လုပ်ငန်းများက မျက်စိကျနေသည့် ဂျိုဟိုး – စင်ကာပူအထူးစီးပွားရေးဇုန်

အကောင်အထည်ဖော်နေသည့် ဂျိုဟိုး – စင်ကာပူအထူးစီးပွားရေးဇုန်မှာ စင်ကာပူနိုင်ငံမှ လုပ်ငန်းများကိုသာမက တရုတ်နိုင်ငံမှ လုပ်ငန်းများကိုပါ ဆွဲဆောင်နိုင်ကြောင်း၊ တရုတ်နိုင်ငံ ပြင်ပသို့ လုပ်ငန်းချဲ့ထွင်လိုသည့် တရုတ်စီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်နိုင်လျက်ရှိကြောင်း The Business Times သတင်းစာတွင် ဖော်ပြပါရှိသည်။

"မလေးရှားတောင်ဖက်ပိုင်းသည် တရုတ်လုပ်ငန်းများအတွက် လုပ်ငန်းလုပ်ကိုင်ရန် အချက်အခြာနေရာဖြစ်လာကြောင်း၊ ဂျိုဟိုးဖက်အခြမ်းတွင် တရုတ်ကုမ္ပဏီများ အထူးသဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်း ကိရိယာများထုတ်လုပ်သည့် ကုမ္ပဏီများလာရောက်လုပ်ကိုင်လာကြကြောင်း၊ တရုတ်ကုမ္ပဏီများ ဂျိုဟိုးပြည်နယ်တွင် လာရောက်လုပ်ကိုင်ကြခြင်းမှာစင်ကာပူဈေးကွက်နှင့်နီးခြင်း၊အခြေခံအဆောက်အအုံကောင်းမွန်ခြင်း ၊ကုန်ကျစရိတ်သက်သာခြင်းတို့ကြောင့်ဖြစ်ကြောင်း" ဂျိုဟိုးပြည်နယ်ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ စားသုံးသူရေးရာနှင့် လူ့စွမ်းအားကော်မတီ၏ ဥက္ကဋ္ဌ Mr. Lee Ting Han က ပြောကြားခဲ့သည်။

"ဂျိုဟိုး – စင်ကာပူအထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားကုမ္ပဏီများအတွက် အခွန်ကင်းလွတ်ခွင့်များကို ရက်ရောစွာပေးထားပြီးဖြစ်ကြောင်း၊ ကုန်စည်နှင့်လူပုဂ္ဂိုလ်များ ပိုမိုလွယ်ကူလျင်မြန်စွာ စီးဆင်း၊ဖြတ်သန်းသွားလာနိုင်မှုသည် ကုန်စည်ထုတ်လုပ်သူများအတွက် စင်ကာပူနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးအထောက်အကူပြုလုပ်ငန်းများကို ပိုမိုထိရောက်စွာ အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း၊ စီးပွားရေးမိတ်ဖက်များအတွက်လည်း ခရီးသွားလာမှုပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း " Tianma Precision Machinery ၏ ဦးဆောင်ဒါရိုက်တာ Yang Hui ပြောကြားခဲ့သည်။

"ကောင်းမွန်ပြီး ရှေ့နောက်ညီညွတ်မှုရှိသည့် အခွန်စနစ်၊ အကောက်ခွန်လုပ်ငန်းစဉ်များ၊ လုပ်ငန်းကုန်ကျစရိတ်သက်သာစေမည့် ကုန်စည်များအတွက် ရှင်းလင်းလွယ်ကူသည့် နယ်စပ်ဖြတ်ကျော် လုပ်ငန်းစဉ်များကို လိုလားကြောင်း၊ အထူးစီးပွားရေးဇုန်အတွင်း စင်ကာပူတီထွင်ဆန်းသစ်မှုလုပ်ငန်းများလာရောက်လုပ်ကိုင်ရေး မူဝါဒပိုင်းဆိုင်ရာအထောက်အပံ့များ၊ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Certificate of Origin) အတွက် လုပ်ထုံးလုပ်နည်းများမှာအဓိကကျကြောင်း" Cedar Lifetech Ventures ၏ တည်ထောင်သူ Zhao Jingwei က ပြောကြားပါသည်။

ဂျိုဟိုး – စင်ကာပူအထူးစီးပွားရေးဇုန်ကို တရုတ်လုပ်ငန်းရှင်များစိတ်ပါဝင်စားရသည့် အချက်တစ်ချက်မှာ ယဉ်ကျေးမှုနီးစပ်ခြင်းဖြစ်သည်။

ဂျိုဟိုးပြည်နယ်တွင် လူဦးရေ ၄ ဒသမ ၂ သန်းရှိပြီး တရုတ်လူမျိုးများမှာ ၁ဒသမ ၂ သန်းရှိပါသည်။

" ကုန်ထုတ်လုပ်သူများသည် ဂျိုဟိုး – စင်ကာပူ အထူးစီးပွားရေးဇုန်ထူထောင်ရန်မကြေညာမီက စပိန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့တွင် လုပ်ငန်းချဲ့ထွင်ရန် စဉ်းစားခဲ့ကြောင်း၊ ယဉ်ကျေးမှု၊ အစားအသောက်နှင့် ဘာသာစကားသည်လည်း လုပ်ငန်းချဲ့ထွင်မည့်နေရာကို စဉ်းစားရာတွင်အချက်တစ်ချက်ဖြစ်ကြောင်း" Huirui Polymers ၏ အထွေထွေမန်နေဂျာ Xu Pengfei ကပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံက တရုတ်ကုန်စည်များအပေါ် အခွန်နှုန်းသတ်မှတ်မှုသည် ၂၀၁၈ ခုနှစ် ကတည်းက စတင်ခဲ့ပြီး ယင်းနှစ်နိုင်ငံအကြားကုန်သွယ်ရေးတင်းမာမှုများကြောင့်တရုတ်ကုမ္ပဏီများသည် ပြည်ပနိုင်ငံများသို့ လုပ်ငန်းများရွှေ့ပြောင်းလုပ်ဆောင်လာကြသည်။

"တရုတ်နိုင်ငံတွင် ပြည်တွင်းသုံးစွဲမှုကျဆင်းခြင်းသည် တရုတ်ကုမ္ပဏီများကို အခြားဈေးကွက်များရှာဖွေရန်တွန်းအားပေးခဲ့ခြင်းဖြစ်ကြောင်း၊ အာဆီယံဈေးကွက်သည် တရုတ်လုပ်ငန်းရှင်များအတွက် ခရီးအကွာအဝေးအရနီးကပ်ခြင်း၊ ဈေးကွက်ကိုနားလည်ထားပြီးဖြစ်ခြင်းတို့ကြောင့် အာဆီယံဒေသတွင် လုပ်ငန်းချဲ့ထွင်မှုများ ပြုလုပ်ကြခြင်းဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသသို့မဟုတ် လက်တင်အမေရိကကဲ့သို့ ဝေးသည့်နေရာများတွင် လုပ်ငန်းချဲ့ထွင်မည့်အစား အရှေ့တောင်အာရှနိုင်ငံများတွင် လုပ်ငန်းချဲ့ထွင်ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုဗဟိုချက်အပြင် ဈေးကွက်ကိုလည်းရယူနိုင်မည်ဖြစ်ကြောင်း" OCBC ၏ စီးပွားရေးပညာရှင် Selena Ling က ပြောကြားခဲ့သည်။

အထူးစီးပွားရေးဇုန်များတွင်  အခွန်ကင်းလွတ်ခွင့်အပြင်ကုန်စည်နှင့်လူပုဂ္ဂိုလ်များပိုမိုလွယ်ကူလျင်မြန်စွာစီးဆင်း၊ဖြတ်သန်းသွားလာနိုင်မှု၊ လွယ်ကူရှင်းလင်းသည့် အကောက်ခွန်လုပ်ငန်းစဉ်များသည် လုပ်ငန်းရှင်များလိုလားသည့်အချက်ဖြစ်ရာလုပ်ငန်း

ရှင်များ လုပ်သာကိုင်သာဖြစ်စေရေး မူဘောင်အတွင်းမှ ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတကာမှလုပ်ငန်းရှင်များကိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source : The Business Times**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

https://myantrade.gov.mm/

## ဘင်္ဂလားဒေ့ရှ်အမျိုးသားအခွန်ဘဏ္ဍာဘုတ်အဖွဲ့ကနေကြာဆီနှင့်ပန်းနှမ်းဆီ(Canola oil) အတွက်သွင်းကုန်အခွန်များဖယ်ရှား



အမျိုးသားအခွန်ဘဏ္ဍာဘုတ် အဖွဲ့သည် ပြည်တွင်းဈေးကွက်တွင် စားသုံးဆီဈေးနှုန်းမြင့်တက်နေမှုကို ထိန်းချုပ်ရန်နှင့်ရောင်းချမှုအရှိန်မြှင့်တင်ရန် နေကြာဆီ နှင့် ပန်းနှမ်းဆီ (Canola oil)များအတွက် သွင်းကုန်အခွန်အားလုံးကို ဖယ်ရှားမည်ဟုသိရသည်။

ထိုဆုံးဖြတ်ချက်သည် ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေးနှင့်အကောက်ခွန်ကော်မရှင်က အစိုးရအနေနှင့် ဟင်းချက်ဆီများဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်နိုင်ရန် သွင်းကုန်အခွန်များလျှော့ချရန် အဆိုပြုခဲ့ပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်ကြောင်းသိရသည်။

ထိုသွင်းကုန်အခွန်အကျိုးခံစားခွင့်သည် ၂၀၂၅ ခုနှစ် မတ်လအထိ အသက်ဝင်မည်ဟုသိရသည်။

ထိုသို့အကောက်ခွန်ဖြတ် တောက်မှု သည် ထိုဆီများအတွက် သွင်းကုန်ကုန်ကျစရိတ် တစ်လီတာလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံးငွေ Tk ၄၀ မှ ၅၀ ကြား လျှော့ချနိုင်မည်ဟုသိရသည်။

ဘင်္ဂလားဒေ့ရှ်စားသုံးသူများသည် လွန်ခဲ့သည့် ၃ လတွင် ငွေကြေးဖောင်းပွမှုနှင့်ဟင်းချက်ဆီဈေးမြင့်တက်မှုပြဿနာနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

ထိုသို့ မြင့်တက်လာမှုသည် ကမ္ဘာ့အကြီးမားဆုံးစားအုန်းဆီထုတ်လုပ်သည့် မလေးရှားနှင့် အင်ဒိုနီးရှားတို့က ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန်အတွက် စားအုန်းဆီကိုအသုံးပြုရန် အဓိကအာရုံစိုက်လာသောကြောင့် စားအုန်းဆီထုတ်လုပ်မှုကျဆင်းလာမည်ကိုစိုးရိမ်ပူပန်နေကြခြင်းနှင့် နိုင်ငံတကာဈေးနှုန်းများမြင့်တက်လာသောကြောင့်ဖြစ်ကြောင်းသိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်းတို့၏စားသုံးဆီဝယ်လိုအားခန့်မှန်းတစ်နှစ်လျှင်စားသုံးဆီတန်ချိန် ၂၃ သိန်းပြည့်မီရန်အတွက် တင်သွင်းမှုကို ကြီးမားစွာမှီခိုနေရကြောင်း သိရသည်။

**Source : Daily Star**

DOCA(ရန်ကုန်)

https://www.doca.gov.mm/

## ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာတွင် ခရမ်းချဉ်သီးဈေးနှုန်းများ မြင့်တက်

၂၀၂၄ ခုနှစ်အတွင်း ဆက်တိုက်ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းများကြောင့် စိုက်ပျိုးမြေများပျက်စီးဆုံးရှုံးမှုများရှိခဲ့သဖြင့် ဈေးကွက်တွင်း ခရမ်းချဉ်သီးရောင်းချနိုင်မှုများကျဆင်းခဲ့သဖြင့် ပြီးခဲ့သည့် သီတင်းပတ်က ဈေးနှုန်း ၄၀၀ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ပါသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန ဈေးနှုန်းစောင့်ကြည့်ရေးအဖွဲ့၏ထုတ်ပြန်ချက်အရ မြို့တော်မနီလာတွင် ၄-၁-၂၀၂၅ ရက်နေ့ ခရမ်းချဉ်သီး ဈေးနှုန်းမှာ တစ်ကီလိုလျှင် ပီဆို-၂၀၀ မှ ၃၅၀ (ကျပ် ၁၅,၀၀၀ မှ ၂၆,၀၀၀) ကြားထိ မြင့်တက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ အလားတူကာလက တစ်ကီလိုလျှင် ပီဆို-၄၀ မှ ၁၀၀ (ကျပ် ၃,၀၀၀ မှ ၇,၅၀၀) ကြားသာရှိခဲ့သည်ဟု ဖော်ပြထားသည်။

ဇန်နဝါရီလကုန် သို့မဟုတ် ဖေဖော်ဝါရီလခြောက်သွေ့ရာသီ ခရမ်းချဉ်သီးထွက်ရှိမည့်အချိန်တွင် ဈေးနှုန်းပြန်လည်ကျဆင်းနိုင်ရန်မျှော်လင့်ပါကြောင်း၊ ၂၀၂၄ ခုနှစ် စတင်သည့်အချိန်က ခရမ်းချဉ်သီးတစ်ကီလိုလျှင် ပီဆို- ၅၀ မှ ၁၀၀ ကြားသာရှိခဲ့သော်လည်းတိုင်ဖွန်းများဆက်တိုက်ဖြစ်ပွားခဲ့ခြင်းကြောင့် စိုက်ပျိုးမြေများပျက်စီးသဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများထုတ်လုပ်မှုကျဆင်းခဲ့ပါကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန်က ၆-၁-၂၀၂၅ ရက်နေ့ မီဒီယာနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

မုန်တိုင်းများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် Cagayan Valley, Calabarzon, Bicol ဒေသများသည် ခရမ်းချဉ်သီး၊ ငရုတ်ပွသီး (Bell Pepper),ငရုတ်သီးတို့ စိုက်ပျိုးသည့်ဒေသများဖြစ်သောကြောင့် ၂၀၂၄ ခုနှစ်၊ စတုတ္ထ ၃ လပတ်ကာလအတွင်း ခရမ်းချဉ်သီးအထွက်နှုန်း ၄၅ ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်။

လာမည့် ခြောက်သွေ့ရာသီတွင် ဈေးနှုန်းပြန်လည်ကျဆင်းနိုင်မည်ဟုခန့်မှန်းထားရှိပါကြောင်းဖော်ပြပါရှိသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနမှ ၂၂-၁၁-၂၀၂၄ ရက်နေ့ ထုတ်ပြန်သည့်ကိန်းဂဏန်းအချက်အလက်များအရ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းများကြောင့် စိုက်ပျိုးရေးကဏ္ဍ၏ပျက်စီးဆုံးရှုံးမှုပမာဏ ပီဆို ၇၈၅ ဒသမ ၆၈ သန်းထိ ရှိခဲ့ပါကြောင်း၊ ဆန် နှင့် တန်ဖိုးမြင့်ကောက်ပဲသီးနှံများမှာ ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ပါကြောင်း၊ ဆန်စပါးကဏ္ဍပျက်စီးဆုံးရှုံးမှုမှာ ပီဆို ၉ ဒသမ ၈၁ ဘီလီယံထိရှိခဲ့ပါကြောင်း သိရသည်။

ဆက်တိုက်ဖြစ်ပွားခဲ့သော မုန်တိုင်းများနှင့် African Swine Fever ကဲ့သို့သော တိရစ္ဆာန်များသို့ ကျရောက်သည့် ရောဂါပိုးများကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် ၂၀၂၄ ခုနှစ်သည် ဆိုးဝါးသည့်နှစ်တစ်နှစ် “Depressing Year” ဖြစ်ခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။

**Source : စီးပွားရေးသံမှူး၊ မနီလာမြို့**

**Category:** International News

https://myantrade.gov.mm/

## ပီလောပီနံ၏ စီးပွားရေးအလားအလာကိုမြှင့်တင်ရန် ဝန်ကြီး Hem Vanndy တောင်းဆို



စက်မှု၊ သိပ္ပံ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှုဝန်ကြီးဌာန (MISTI) နှင့် ကမ္ဘောဒီးယားနိုင်ငံပီလောပီနံအသင်းချုပ် (CFC) တို့သည် ဒေသတွင်းပီလောပီနံထုတ်လုပ်မှုကို တိုးမြှင့်ရန် မဟာဗျူဟာများကို ၁၉-၁၂-၂၀၂၄ ရက်နေ့ကဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

ကမ္ဘောဒီးယား နိုင်ငံသည် ပီလောပီနံစိုက်ခင်း ဟက်တာ ၆၀,၀၀၀ မှ ၈၀,၀၀၀ အထိရှိပြီး အာရှတွင် စတုတ္ထမြောက်အများဆုံးပီလောပီနံ တင်ပို့သည့်နိုင်ငံဖြစ်သည်။

ဝန်ကြီး Hem Vanndy က Chray Son ဦးဆောင်သော ကမ္ဘောဒီးယားနိုင်ငံ ပီလောပီနံအသင်းချုပ် (CFC)မှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်တွေ့ဆုံစဉ်ပီလောပီနံများကို ပြည်တွင်းပြုပြင်ခြင်းမှ ပြည်ပသို့တင်ပို့ရာတွင် မြင့်မားသော တန်ဖိုးဖန်တီးခြင်း၊ လယ်သမားများ၏ အသက်မွေးဝမ်းကြောင်းမြှင့်တင်ခြင်းနှင့်ကမ္ဘောဒီးယား၏စက်မှုလုပ်ငန်းများကွဲပြားစေရန်အတွက် မရှိမဖြစ်လိုအပ်သည်ဟု ပြောကြားခဲ့သည်။

သန့်စင်သောထုတ်လုပ်မှုနည်းလမ်းများချမှတ်ရန်နှင့် ပီလောပီနံတန်ဖိုးကွင်းဆက် တည်ဆောက်ရန် (CFC) ၏အဆိုပြုချက်ကိုထောက်ခံကြောင်း ထပ်မံပြောကြားခဲ့သည်။

(CFC) ကို စီးပွားရေးစီမံကိန်းရေးဆွဲခြင်း၊ ဈေးကွက်ဝင်ရောက်ကြည့်ရှုခြင်းနှင့် နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပါဝင်ခြင်းတို့အတွက် Khmer Enterprise နှင့် ပူးပေါင်းဆောင်ရွက်ရန် Hem Vanndy မှ တိုက်တွန်းခဲ့သည်။

(CFC) ဥက္ကဋ္ဌ Chray Son မှ လက်ရှိတွင် ကမ္ဘောဒီးယားသည် ပီလောပီနံ ၉၅ ရာခိုင်နှုန်း တင်ပို့လျက်ရှိပြီး ပြည်တွင်း၌ ၅ ရာခိုင်နှုန်းသာ စီမံဆောင်ရွက်နေပြီး နိုင်ငံတော်စီးပွားရေးအတွက် ကန်ဒေါ်လာ ၇၂၈ သန်းပံ့ပိုးပေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**Source : Khmer Times**

DOCA(ရန်ကုန်)

https://myantrade.gov.mm/

## STOCK EXCHANGE (8.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,380 (Shares) | 8,588,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,200 | 8,300 | 8,200 | 101 | 828,700 | 33,109,694 | 274,811 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,200 | 3,200 | 3,100 | 249 | 793,500 | 38,929,150 | 122,627 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 5 | 41,500 | 10,400,986 | 86,328 |
| FPB | 00004 | 1,900 | -50 | -2.56% | 1,850 | 1,900 | 1,850 | 1,114 | 2,115,900 | 29,664,613 | 56,363 |
| TMH | 00005 | 3,000 | -250 | -7.69% | 3,000 | 3,000 | 3,000 | 6 | 18,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,134 | 1,897,350 | 19,977,223 | 33,961 |
| AMATA | 00007 | 4,300 | +100 | +2.38% | 4,200 | 4,300 | 4,200 | 425 | 1,787,000 | 10,497,598 | 45,140 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 346 | 1,106,400 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 8th Jan. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 389.08 | -2.96 | -0.76% | 389.65 | 390.29 | 383.79 | 3,380 | 8,588,350 | 8 | 733,876 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 8th Jan. 2025

| Trading Volume | Trading Value |
|---|---|
| 3,438 (Shares) | 8,765,350 (MMK) |

### Main Board

As of 1:00 pm, 8th Jan. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,380 (Shares) | 8,588,350 (MMK) |

| MYANPIX | 389.08 ▼ 2.96 |
|---|---|
| Total Volume (shares) | 3,380 |
| Total Value (MMK) | 9 mil |
| Listed Company | 8 |
| Market Cap. (MMK) | 733,876 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,900 | ▼ 50 |
| TMH | 00005 | 3,000 | ▼ 250 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,300 | ▲ 100 |
| MAEX | 00008 | 3,200 | ▲ 0 |